ကျေးရွာတွင် ကျားမဟူ၍ ခွဲခြားဆက်ဆံရေးမျုးမတွေ့ရပါ။ အမျိုးသမီးများသည် အုပ်ချုပ်ရေးပိုင်းတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသေးသော်လည်း ကျေးရွာနှင့်ပတ်သက်သောဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရပ်ရေးရွာရေးတွင် ပါဝင်ဆောင်ရွက်လေ့ရှိကြပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် လူမှုရေးဆိုင်ရာ (၂) ဖွဲ့ ရှိသည်။ ဂေါပကအဖွဲ့မှာကျေးရွာ၏ သာသနာရေးကို ဆောင်ရွက်ပြီး လူငယ်များမှာလူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ၎င်းအဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့အတူတကွ ချိတ်ဆက်၍ ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးအဓိကထားစိုက်ပျိုးကြသည်။ ဒုတိယစိုက်ပျိုးရေးမှာ ဧရပ်ကို စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင်(၅၀)တင်း၊ ဧရတ်တစ်ဧကလျှင် ပိဿာ(၁၅၀)ခန့် ထွက်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများမှာ တောင်သူများအတွက် ဝန်ဆောင်မှုမှာ အလွန်အား နည်းသည်။ တောင်သူအများစုသည် လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်း ရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက် စနစ်ကို သုံးကြသည်။

ကျေးရွာတွင်အိမ်ထောင်စုများမှာ ဝက်ကိုတနိုင်တပိုင်မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူခြင်းမရှိပါ။ နွားများကို လယ်ယာတွင်သုံးရန်မွေးမြူကြပြီး ကြက်အနည်းငယ်မွေးမြူကြသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာအတွင်းရှိ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဈေးရောင်း၊ အလှပြင်နှင့် စက်ချုပ်လုပ်ငန်းတို့ဖြစ်ကြပါသည်။

**(ဃ) ပါတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ ကျေးရွာတွင် လယ်မြေများဆားငန်ရေဝင်ရောက်မှုဒဏ်ကိုလည်း ခံခဲ့ရသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း ၆၇ ပြားဖြင့် တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင်းရှိ ငွေတိုးချေးသူများထံမှလည်းကောင်း၊ ဆွေမျိုးများဆီမှလည်းကောင်း ချေးယူကြသေးသည်။ ချေးယူရသည့်အကြောင်းမှာ တနေ့ဝင်ငွေနှင့်မလုံလောက်ခြင်းကြောင့် ဖြစ်ကြောင်းတွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

မူလတန်းကျောင်းမှာ ကျေးရွာတွင်တည်ရှိပြီး သွားလာရန်လွယ်ကူပါသည်။ စာသင်ကျောင်းမှာ (H) ပုံသဏ္ဍာန်ဖြစ်ပြီး အလျား ၆၂ပေ၊ အနံ ၂၃ပေနှင့် အမြင့် ၁၈ပေရှိပါသည်။ အမိုးသွပ်များပျက်စီးနေပြီး အခင်းမှာလည်း ခိုင်ခန့်မှုမရှိသဖြင့် ဘုန်းတော်ကြီးကျောင်းတွင် ရွှေ့ပြောင်းသင်ယူနေရပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲမှာ ကျေးရွာတွင်တည်ရှိပြီး အခန်းကုတင်လုံလောက်မှုရှိပါသည်။ သားဖွားဆရာမတစ်ဦးရှိ၍(၁၀)မိုင်ဝေးသော ကျိုက္ကလီဆေးရုံတွင်သွားရောက်ကုသသူများပါသည်။ သောက်သုံးရေအနေဖြင့် ရေတွင်းများနှင့် အဝီစိတွင်းများမှ ရေရရှိပြီး သောက်သုံးရေအတွက်လုံလောက်မှုရှိသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာသုံးစွဲနိုင်သဖြင့် ရေကြောင့်ဖြစ်သော ရောဂါများဖြစ်ပွားမှုမရှိပါ။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ ၎င်းတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။

**(ဇ) အခြေခံအဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာ၏လမ်းတည်ရှိမှု အခြေအနေတွင် ရွာတွင်းလမ်းမှာ ပေ (၂၇၀၀)ခန့်ရှိပြီး မိုးရာသီတွင် ရွှံ့နွံများထူထပ်ကာ ရေအိုင်သဖွယ်ဖြစ်နေပါသည်။ မြေသားလမ်းမှာ (၁၂၀၀) ပေခန့်ရှိပြီး မြေသားလမ်းများဖြစ်ပါသည်။ ကျေးရွာတွင် တံတားမရှိပါ။ ရေလမ်းအသုံးပြုမှုမရှိပဲ စက်ဘီး(၁၆)စီး၊ ဆိုင်ကယ် (၃၉) စီး၊ ထော်လာဂျီ (၅) စီးနှင့် ကားတစ်စီးတို့ကို အသုံးပြုလျက်ရှိပါသည်။ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ ထုတ်ပေးထားသော ဆိုလာနှင့်ဘထရီများရှိသော်လည်းလုံလောက်မှု မရှိပါ။ ၂၄ နာရီမီးရရှိပါက သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကို ကာကွယ်နိုင်ပြီး လုပ်ငန်းများလည်း တိုးတက်လာနိုင်ပါမည်။ တစ်ရွာလုံးနီးပါး မိုဘိုင်းဖုန်းကို အသုံးပြုပြီး ဆက်သွယ်ရေးကောင်းမွန်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာသီချိန်လုပ်ငန်းကိုသာ မှီခိုနေရပြီး နေ့စဉ်ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်းကြောင့် အထူးသဖြင့်ဆင်းရဲသားလက်လုပ်လက်စား ကျွလမ်းလုပ်ကိုင်သူများအတွက် ဒေသနှင့်ကိုက်ညီသော အသေးစားစက်မှုလုပ်ငန်းများကိုထူထောင်ပေးခြင်း ကူညီဆောင်ရွက်ပေးသင့်ပါသည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

ကျွန်တော်တို့ကျေးရွာ၏ စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနိုင်လည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ကျေးရွာတွင်လိုအပ်ချက်များကို တင်ပြတောင်းဆိုထားသော စီမံချက်များထဲတွင် ငါးနှစ်တာကာလအတွက် မဲစနစ်ဖြင့်ဦးစားပေးရွေးချယ်ခဲ့ကြသော စီမံချက်များသည် ကျေးရွာတွင်လိုအပ်သော အဓိကလိုအပ်ချက်များကို ရွေးချယ်တင်ပြထားခြင်းဖြစ်ပါသည်။ ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း တဆက်တည်းရွေးချယ်ထားပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကိုတိုးမြင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စု သတ်မှတ်ခြင်း

စီမံကိန်းစီမံချက်နှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးပြုဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုပါသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်

